လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်အတိုင်းလိုက်ပါဆောင်ရွက်ကြ

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်ပတ်သက်၍ အရေးပါသောဆုံးဖြတ်ချက်ကို အချိန်မီ၊ အချိန်ကိုက်ချမှတ်ထုတ်ပြန်ခဲ့ပါပြီ။ ကျွန်တော်တို့နှစ်ထောင်းအားရရှိလှပါသည်။ လှိုက်လှိုက်လှဲလှဲကြိုဆိုပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒီချုပ်အဖွဲ့ဝင်များ၊ နယ်ပယ်အသီးသီးရှိလှုပ်ရှားတက်ကြွသူများ၊ ပြည်သူများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်အတိုင်းတက်ကြွစွာလိုက်ပါ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၂။ ပြည်သူများအားလုံးသည် သက်ဆိုင်ရာမဲရုံများသို့ မပျက်မကွက်သွားရောက်၍ ကန့်ကွက်မဲကို ကြက်ခြေခတ်၍ ရဲရဲရင့်ရင့်ပေးကြရမည်။

၃။ ထို့အပြင်တပြိုင်နက်ထဲမှာလည်း (နအဖ)စစ်အစိုးရ၏ လိမ်ညာလှည့်ဖျားမှု၊ ညစ်ပတ်ကောက်ကျစ်မှု၊ အမျိုးမျိုးသောဖိနှိပ်အကြမ်းဖက်မှုများကို မိမိတို့သက်ဆိုင်ရာနယ်မြေများတွင် လေ့လာစောင့်ကြည့်ပြီး၊ ဖော်ထုတ်ဖွင့်ချရမည်၊ ကန့်ကွက်ဝေဖန်ကြရမည်။

၄။ ပြည်သူသာအမိပြည်သူသာအဖ၊ ပြည်သူလူထုအတွက်ဆိုလျှင် ပြည်သူလူထုကိုအဓိကအားထား၍ စည်းရုံးလှုံ့ဆော်တိုက်ပွဲဝင်ရမည်သာဖြစ်သည်။ လူထုတိုက်ပွဲဆိုသည်မှာ လူထုလိုက်ပါနိုင်မည့် တိုက်ပွဲနည်းလမ်းကို အချိန်ကိုက်အချိန်မီချမှတ်ညွှန်ပြနိုင်ခြင်းဖြစ်သည်။ သို့မှသာတိုက်ပွဲ၏ ရည်မှန်းချက်ကို ပေါက်မြောက်နိုင်မည်။ မျှော်မှန်းထားသည့် ရလဒ်ကောင်းတွေကိုလည်း လက်ဝယ်ပိုင်ဆိုင်ရရှိနိုင်လိမ့်မည်။ ယခုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သော ဆုံးဖြတ်ကြေညာချက်သည် လူထုတစ်ရပ်လုံးလိုက်ပါနိုင်သည့် တိုက်ပွဲနည်းလမ်းကို ပြတ်ပြတ်သားသားဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ လူထုတိုက်ပွဲဆိုသည်မှာ လူထုလိုက်ပါနိုင် ခြင်းမရှိသည့် နည်းလမ်းကိုလှုံ့ဆော်နေသည့် လူနည်းစု၏ အရဲစွန့်သော လှုပ်ရှားမှုမျိုးမဟုတ်ပါ။

- မဲရုံသို့သွားကြ ကန့်ကွက်မဲပေးကြ။
- စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ကြ။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၈ ခုနှစ်၊ ဧပြီလ ၃ ရက်။